**(၂၀-၁၁-၂၀၂၀) မှ (၂၆-၁၁-၂၀၂၀) ထိ ဆန်ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ**

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့တွင် **International Rice Market Website** တွင် ဖော်ပြချက်အရ ပါကစ္စတန်ဆန်ဈေးနှုန်းများမှာ ညှော့မထ **(၅ %)** တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၈ ဖြင့်လည်းကောင်း၊ ညှော့မထ **(၂၅ %)** တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၈ ဖြင့်လည်းကောင်း ဖြစ်ပေါ်ခဲ့သည်ကို သိရှိရပါသည်။ ထိုင်းဆန်ဈေးနှုန်းများမှာ **(၁၀၀ %)** ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၁၂ ဖြင့် လည်းကောင်း၊ ညှော့မထ **(၅ %)** တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၉၆ ဖြင့်လည်းကောင်း၊ ညှော့မထ **(၂၅ %)** ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၈၆ ဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၉၆ ဖြင့်လည်းကောင်းအသီးသီး ဖြစ်ပေါ်ခဲ့သည်ကို လေ့လာသိရှိရပါသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ညှော့မထ **(၅ %)** တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၁၃ ဖြင့်လည်းကောင်း၊ ညှော့မထ **(၂၅ %)** ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၈၈ ဖြင့် လည်းကောင်းရှိခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ညှော့မထ **(၂၅ %)** ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၂၈ ဖြင့်လည်းကောင်း အသီးသီးရှိခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

ဆန်ဈေးကွက်နှင့်ပတ်သက်သည့် ပြည်ပသတင်းများအနေဖြင့် ထိုင်းဆန်ပို့ကုန်လုပ်ငန်းရှင်များအသင်းသည် ၂၀၂၀ ပြည့်နှစ် ထိုင်းနိုင်ငံ၏စုစုပေါင်းဆန်တင်ပို့မှုကို ယခင်နှစ်တင်ပို့မှု တန်ချိန် ၁၀ သန်း၏ ထက်ဝက်ဖြစ်သော တန်ချိန်ငါးသန်းသာရှိနိုင်မည်ဟု ခန့်မှန်းထားကြောင်း ထိုင်းဆန်တင်ပို့သူများအသင်း၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ **Chookiat Ophaswongse** ပြောကြားခဲ့သည်ကို သိရှိရပါသည်။ အဓိကဆည်ကြီး ၃၅ စင်း၏ ရေပမာဏသည် ယခင်နှစ်ထက်ပိုနည်းနေဆဲဖြစ်ပြီး မိုးရာသီလည်း ကုန်ဆုံးတော့မည်ဖြစ်သည့်အတွက် ၂၀၂၁ ခုနှစ် ဆန်ထုတ်လုပ်မှုနိုင်မှုသည် ယခုနှစ်ထက် လျော့နည်းနိုင်ကြောင်း ၎င်းကသတိပေးပြောကြားခဲ့သည်ကို သိရှိရပါသည်။

ထိုင်းနိုင်ငံ၌ အောက်တိုဘာလကုန်ကစ ဆောင်းရာသီ ဝင်ရောက်လာပြီဖြစ်၍ မိုးရေချိန်ရရှိမှု ပိုနည်းလာပြီး လက်ရှိတွင် ရိတ်သိမ်းနေသော စပါးများ အထွက်နိမ့်ကျမည်ကိုလည်း စိုးရိမ်မှု

ဖြစ်ပေါ်နေကြောင်း သိရှိရပါသည်။ ထို့ပြင် တရုတ်နိုင်ငံသည် အရန်ဆန် တန်ချိန် သန်း ၁၀၀ ကျော်အထိရှိနေပြီး ဈေးလျှော့ရောင်းချသည့်ဖျူဟာကြောင့် အာဖရိကကဲ့သို့ ဈေးကွက်များတွင် ထိုင်းကို ယှဉ်ပြိုင်လာနိုင်ကြောင်း၊ ထိုင်းနိုင်ငံ၏ ဆန်စပါးထုတ်လုပ်မှု စရိတ်ကလည်း ပြိုင်ဘက်နိုင်ငံများထက် မြင့်မားနေဆဲဖြစ်ကြောင်း Chookiat Ophaswongse ပြောကြားခဲ့သည်ကို သိရှိရပါသည်။

မိုးခေါင်မှုကြောင့် ထိုင်းနိုင်ငံတွင် ဆန်စပါး ထုတ်လုပ်မှုစရိတ် တစ်တန်လျှင် ဘတ် ၈၀၀၀ ခန့်ကုန်ကျနေပြီး တရုတ်၊ ဗီယက်နမ်၊ အိန္ဒိယ၊ မြန်မာ စသော အခြားဆန် ထုတ်လုပ်နိုင်ငံများမှာ တစ်တန်လျှင် ဘတ် ၆၀၀၀ ဝန်းကျင်သာကျကြောင်း Chookiat Ophaswongse ပြောကြားခဲ့ပါသည်။ ထို့ကြောင့် ထိုင်းဆန်သည် ပြိုင်ဘက်နိုင်ငံများမှ ဆန်များထက်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၀၀ ဝန်းကျင်ခန့် ဈေးပိုကြီးလျက်ရှိကြောင်း၊ သို့ရာတွင် ယခုအခါ ဆန်တင်ပို့မှုထိပ်သီးနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ အခြေအနေကြောင့် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် Lock down ပြုလုပ်လာရခြင်းကြောင့် ထောက်ပံ့ပို့ဆောင်ရေး အခက်အခဲဖြစ်ပေါ်ကာ မိမိတို့ဆီမှ ဆန်ကို မဖြစ်မနေ တင်သွင်းရတာမျိုး ရှိလာကြောင်း Chookiat Ophaswongse က ပြောကြားခဲ့သည်ကိုသိရှိရပါသည်။

ထိုင်းရည်ညွှန်းဆန်ဖြစ်သော ငါးမှတ်ဆန်ဈေးသည် ယခင်တစ်ပတ်က တစ်တန်လျှင် ၄၆၀-၄၈၅ ဒေါ်လာရှိခဲ့ရာမှ ယခုတစ်ပတ်တွင် တစ်တန်လျှင် ၄၇၀-၄၉၆ ဒေါ်လာသို့ မြင့်တက်လာခဲ့ပြီး ဘတ်ငွေတန်ဖိုး မြင့်တက်ခဲ့မှုကြောင့် ဆန်ပို့ကုန်ဈေးများကို ကြီးမြင့်စေခဲ့ကြောင်း သိရှိရပါသည်။ မိမိတို့အနေဖြင့် ဈေးကွက်သစ်များကို ထိုးဖောက်နိုင်ရန် ဆန်မျိုးသစ်များစွာကို သုတေသန ပြုလုပ်သင့်ကြောင်း၊ ယင်းကဲ့သို့ မပြုလုပ်ပါက နောက်နှစ်ပိုင်းများတွင် ဆန်မျိုးသစ်များစွာ ထုတ်လုပ်လာသည့် ဗီယက်နမ်ထံ ဈေးကွက်များ လက်လွှတ်ဆုံးရှုံးရဖွယ်ရှိကြောင်း ၎င်းကထည့်သွင်းပြောကြားခဲ့သည်ကို သိရှိရပါသည်။

ဖိလစ်ပိုင်နှင့် တရုတ်နိုင်ငံတို့၏ ဆန်အော်ဒါသစ်များကြောင့် ယခုတစ်ပတ်တွင် ဗီယက်နမ်ဆန်ပို့ကုန်ဈေးများ မြင့်တက်ခဲ့ပြီး ထိုင်းနိုင်ငံတွင် ဆောင်းအဝင်မိုးနည်းလာမှုကြောင့် ဆန်ရောင်း

လိုအား စိုးရိမ်လာရခြင်းနှင့် ဘတ်ငွေအားကောင်းခြင်းတို့က ထိုင်းဆန်စျေးများကို မြင့်တက်စေခဲ့ကြောင်း သိရှိရပါသည်။ ဗီယက်နမ်ငါးမှတ်ဆန်စျေးသည် ယခင်တစ်ပတ်က တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၉၇-၅၀၇ ဒေါ်လာကြား ရပ်တည်ခဲ့ရာမှ ယခုတစ်ပတ်တွင် တစ်တန်လျှင် ၄၉၈-၅၁၃ ဒေါ်လာသို့ မြင့်တက်လာခဲ့သည်ကို တွေ့ရှိရပါသည်။ ဖိလစ်ပိုင်နိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ ဆန်ဝယ်လက်များထံမှ ဆန်အော်ဒါသစ်များ ရရှိခဲ့ကြောင်း ဟိုချီမင်းစီးတီးမြို့ အခြေစိုက် ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်ကို သိရှိရပါသည်။

ဗီယက်နမ်ပြည်တွင်း ဆန်ရောင်းလိုအားမှာ လျော့နည်းနေပြီး လက်ရှိ ဆောင်းဦးစပါးရိတ်သိမ်းမှုမှာ ယခုလတွင် ပြီးစီးမည်ဖြစ်ပြီး ဗီယက်နမ်နိုင်ငံ၏ အောက်တိုဘာလ ဆန်တင်ပို့မှုသည် စက်တင်ဘာလထက် ၅.၈၀ ရာခိုင်နှုန်း ကျဆင်း၍ တန်ချိန် ၃၆၂၉၃၀ ရှိခဲ့ကြောင်း အစိုးရမှ ထုတ်ပြန်သော စာရင်းများအရ သိရှိရပါသည်။ ယခုနှစ် ပထမ ၁၀ လအတွင်း ဗီယက်နမ်နိုင်ငံ၏ စုစုပေါင်း ဆန်တင်ပို့မှုမှာ ယခင်နှစ်ထက် ၂.၈၀ ရာခိုင်နှုန်း ကျဆင်း၍ တန်ချိန် ၅.၃၅ သန်းသာ ရှိခဲ့ကြောင်း သိရှိရပါသည်။

ဆန်တင်ပို့မှု ထိပ်သီး အိန္ဒိယနိုင်ငံ၏ ငါးမှတ်ပေါင်းဆန်စျေးမှာ သီတင်းပတ်အလိုက် အပြောင်းအလဲ မဖြစ်ပေါ်ဘဲ မတ်လကုန်နောက်ပိုင်း အနိမ့်ဆုံးစျေးအဖြစ် တစ်တန်လျှင် ၃၆၆-၃၇၀ ဒေါ်လာတွင် ရပ်တည်လျက်ရှိသည်ကို သိရှိရပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ပြည်တွင်း ဆန်စျေး မြင့်တက်ခြင်းနှင့် ဆန်ထုတ်လုပ်မှု ကျဆင်းနိုင်ခြေ ရှိနေချိန်တွင် ဆန်ပမာဏအနည်းငယ် တင်သွင်းသွားဖွယ်ရှိကြောင်း စားနပ်ရိက္ခာဝန်ကြီးဌာန အရာရှိတစ်ဦးက ပြောကြားခဲ့သည်ကို သိရှိရပါသည်။

ဆန်စျေးကွက်နှင့်ပတ်သက်သည့် ပြည်တွင်းသတင်းများအနေဖြင့် တရုတ်နိုင်ငံ၏ ပြည်တွင်းလိုအပ်ချက်အရ မြန်မာ့ဆန်နှင့်ဆန်ကွဲကို ဝယ်လိုအားများနေပြီး မူဆယ်နယ်စပ် ကုန်သွယ်ရေးဂိတ်မှတစ်ဆင့် နေ့စဉ် ဆန်အိတ်ရေများစွာ တင်ပို့ရောင်းချနေရကြောင်း မူဆယ်ဆန်စပါးကုန်စည်ဒိုင်မှသိရှိရပါသည်။ အောက်တိုဘာလဆန်းမှစ၍ မူဆယ်ဂိတ်သို့ တစ်နေ့လျှင် ဆန်နှင့်ဆန်ကွဲ အိတ်ရေ ၆၀၀၀၀ ခန့် ဝင်ရောက်လျက်ရှိပြီး တရုတ်နိုင်ငံသို့လည်း တစ်နေ့လျှင် ဆန်နှင့်ဆန်ကွဲ အိတ်ရေ ၆၀၀၀၀ ခန့် ပုံမှန် ပြန်လည်တင်ပို့ ရောင်းချနေရကြောင်း သိရှိရပါသည်။ တရုတ်ပြည်တွင်းတွင်

တိုင်ဖုန်းမုန်တိုင်း ဝင်ရောက်ခဲ့ခြင်းကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့၍ စပါးများစွာ ပျက်ဆီးခဲ့ရခြင်းကြောင့် တရုတ်နိုင်ငံ၏ လိုအပ်ချက်အရ တရုတ်အစိုးရက တရုတ်ကုမ္ပဏီများကို ပါမစ်ထုတ်ပေးနေသည့်အတွက် ဝယ်လိုအား ကောင်းမွန်နေခြင်းဖြစ်ကြောင်း မူဆယ် ဆန်စပါးကုန်စည်ဒိုင်မှ ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းက ပြောကြားခဲ့သည်ကို သိရှိရပါသည်။

ထို့အပြင် တရုတ်နိုင်ငံသို့ ဆန်တင်ပို့ရောင်းချနေသည့် ဗီယက်နမ်နိုင်ငံ၌လည်း မုန်တိုင်းကြောင့် စပါးခင်းများ ပျက်စီးခဲ့သည့်အတွက် ဆန်ထွက်ရှိမှု နည်းပါးကာ တရုတ်နိုင်ငံသို့ တင်ပို့နိုင်မှု ကျဆင်းခဲ့ခြင်းကြောင့် တရုတ်နိုင်ငံ၏ လိုအပ်ချက်အရ မြန်မာ့ဆန်နှင့်ဆန်ကွဲကို အမြောက်အများ ဝယ်ယူနေခြင်းဖြစ်ကြောင်း သိရှိရပါသည်။ ကုန်သည်များအနေဖြင့် ဆန်မှာ အကောက်ခွန်ဆောင်ရပြီး ဆန်ကွဲသည် အခွန်ကင်းလွတ်သည့်အတွက် ဆန်ထက် ဆန်ကွဲက အမြတ်ပိုရှိ၍ ဆန်ကွဲ ဝယ်လိုအားမှာ ပိုမို ကောင်းမွန်လျက်ရှိကြောင်း သိရှိရပါသည်။ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလအထိ တရုတ်နိုင်ငံသို့ မူဆယ်နယ်စပ် ကုန်သွယ်ရေးလမ်းကြောင်းမှ ဆန်နှင့်ဆန်ကွဲ တင်ပို့နိုင်မှု ၃၀ % ခန့်သာ တင်ပို့နိုင်သော်လည်း ယခု ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလထိတွင် ဆန်နှင့်ဆန်ကွဲကို ၈၅ % ခန့်အထိ တင်ပို့နိုင်ခြင်း ဖြစ်ကြောင်း သိရှိရပါသည်။

ကိုဗစ်ကာလဖြစ်သည့်အတွက် လမ်းခရီးတွင် အခက်အခဲများ၊ ကြန့်ကြာမှုများရှိနေပြီး မန္တလေးမှ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်သို့ ကုန်ကားများ တစ်ပတ်ခန့် ကြာမြင့်ကြောင်း၊ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ တရုတ်နိုင်ငံ၊ ကျယ်ဂေါင်မြို့သို့ ၈ မိုင်ခန့်သာဝေးသော်လည်း ကုန်ကားများ တန်းစီရခြင်းကြောင့် ၁၅ ရက်ခန့် ကြာမြင့်ကြောင်း ဦးမင်းသိန်းက ပြောကြားခဲ့သည်ကို သိရှိရပါသည်။ တရုတ်နိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းမှ ဆန်နှင့်ဆန်ကွဲကို မြောက်များစွာ တင်ပို့ရောင်းချနေရသော်လည်း ပင်လယ်ရေကြောင်းမှ တင်ပို့နေသည့် မြန်မာ့ဆန်မှာ ဈေးကောင်းမရ၍ အရောင်းအဝယ် မတည့်သေးကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်မှ သိရှိရပါသည်။

မြန်မာ–တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်း ၁ ယွမ်လျှင် ၂၀၁ ကျပ်နှုန်းရှိပြီး ဧည့်မထ ၂၅ % ဆန်တစ်အိတ်လျှင် ၂၃၁၁၅ ကျပ်မှ ၂၄၁၂၀ ကျပ်ကြား ပေါက်ဈေးရှိကြောင်း

သိရှိရပါသည်။ မြန်မာ–ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် ၁ ဘတ်လျှင် ၄၅ ကျပ်နှုန်း ပေါက်ဈေးရှိကြောင်း သိရှိရပါသည်။

တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန် ဈေးနှုန်းများကို လေ့လာကြည့်ပါက ဧည့်မထဆန် တစ်ပြည်လျှင် ဟားခါးမြို့တွင် ၂၃၀၀ ကျပ်၊ မုံရွာမြို့တွင် ၂၂၀၀ ကျပ်နှင့် ကလေးမြို့တွင် ၁၉၀၀ ကျပ်ဖြင့် အမြင့်ဆုံး ဈေးနှုန်းများဖြစ်ပေါ်ခဲ့ပြီး ရန်ကုန်မြို့တွင် ၁၂၀၀ ကျပ်၊ ဘားအံမြို့နှင့် မော်လမြိုင်တို့တွင် ၁၁၀၀ ကျပ်နှင့် စစ်တွေမြို့တွင် ၁၀၅၀ ကျပ်တို့ဖြင့် အနိမ့်ဆုံး ဈေးနှုန်းများဖြစ်ခဲ့သည်ကို တွေ့ရှိရပါသည်။

Trading Economics Website တွင်ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန် ဈေးနှုန်းမှာ ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက ၀.၀၄ ရာခိုင်နှုန်း ဈေးနှုန်း ကျဆင်းခဲ့ကြောင်း သိရှိရပါ သည်။ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ နောက်ဆုံးပတ်တွင် နိုင်ငံတကာဆန် ဈေးနှုန်းများတွင် အတက်/ အကျ ပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်/အကျ ပြောင်းလဲမှု များ ဖြစ်ပေါ်နေသည်ကို လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

**ကေသွယ်(တန့်ဆည်မြေ)**